ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

နှင့်

Be The First Co.,Ltd

တို့ အကြားချုပ်ဆိုသည့်

# ဆက်သွယ်ရေးအခြေခံပစ္စည်းများ
# တည်ဆောက်တပ်ဆင်ခြင်းလုပ်ငန်းဆိုင်ရာသဘောတူစာချုပ်

## ၂၀၂၅ - ၂၀၂၆

ရက်စွဲ ။ ၂၀၂၅ ခုနှစ်၊ မေ လ( ၁ )ရက်

နေရာ ။ ရန်ကုန်မြို့။

Scanned with CamScanner

ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း

ဆက်သွယ်ရေးအခြေခံပစ္စည်းများတည်ဆောက်တပ်ဆင်ခြင်းလုပ်ငန်းဆိုင်ရာသဘောတူစာချုပ်

ဤသဘောတူစာချုပ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရန်ကုန်မြို့၌ ၂၀၂၅ ခုနှစ်၊ ____________________________ လ( )ရက်နေ့တွင်

ဤစာချုပ်ပါကိစ္စအလို့ငှာ ဦးလင်းခိုင်၊ ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) ကိုယ်စား ပြုသော ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၄၂၀/၄၅၀)၊ မြို့တော် ခန်းမတွင်တည်ရှိသည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (ဤမှနောက်တွင် "လုပ်ငန်း ဆောင်ရွက်ခွင့်ပြုသူ"ဟု ရည်ညွှန်းခေါ်ဆိုမည်) က တစ်ဘက်နှင့်

ဤစာချုပ်ပါကိစ္စအလို့ငှာ ဦးအာကာလင်း၊ နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်(၉/ပမန(နိုင်)၁၅၈၇၈၃) ကိုယ်စားပြုသော အမှတ်(၁၈) ၊ နွယ်သာကီလမ်း၊ မရမ်းကုန်းမြို့နယ်တွင် အဓိက လုပ်ငန်းတည်ရှိပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဥပဒေများနှင့်အညီ ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီတစ်ခု ဖြစ်သော Be The First Co.,Ltd (ဤမှ နောက်တွင် "လုပ်ငန်းဆောင်ရွက်သူ"ဟု ရည်ညွှန်းခေါ်ဆိုမည်) က အခြားတစ်ဘက်တို့အကြား ချုပ်ဆိုကြပါသည်။

လုပ်ငန်းဆောင်ရွက်ခွင့်ပြုသူသည် လုပ်ငန်းဆောင်ရွက်သူအား ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ဆက်သွယ်ရေးအခြေခံပစ္စည်းများ တည်ဆောက်တပ်ဆင်ခြင်း လုပ်ငန်းကိုဆောင်ရွက် စေလိုသော ဆန္ဒရှိပြီး လုပ်ငန်းဆောင်ရွက်သူမှလည်း ယင်းလုပ်ငန်းကို ဤသဘောတူ စာချုပ်ပါစည်းကမ်း သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန် သဘောတူပြီးဖြစ်ပါသည်။

လုပ်ငန်းဆောင်ရွက်ခွင့်ပြုသူနှင့် လုပ်ငန်းဆောင်ရွက်သူတို့ကို စုပေါင်း၍ "စာချုပ်ဝင်များ" ဟု လည်းကောင်း၊ တစ်ဦးချင်းကို "စာချုပ်ဝင်"ဟု လည်းကောင်း ခေါ်ဆိုနိုင်သည်။

သို့ဖြစ်ပါ၍ စာချုပ်ဝင်များ အကြားအောက်ပါအတိုင်း သဘောတူညီကြပါသည်-

၁။ လုပ်ငန်းအမျိုးအစားများ

လုပ်ငန်းဆောင်ရွက်သူသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အောက်ဖော်ပြပါ လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါသည်။

(က) (၃၂)ကီလိုမီတာအထိ Fiber Cable များကို မြေပေါ်မှ Overhead Cable သွယ်တန်းခြင်း။

(ခ) Wifi Devices များနှင့် ODB(Optical Distribution Box)(၁၆)ခု များအား တိုင်များ တွင်တပ်ဆင်အသုံးပြုခြင်း။

၂။ ရည်ရွယ်ချက်

စာချုပ်ဝင်များသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း၌ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ဆောင်မှုလုပ်ငန်း ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဤသဘောတူစာချုပ်အား ချုပ်ဆိုကြပါသည်။

Scanned with CamScanner




၃-၀၁။ "လုပ်ငန်းဆောင်ရွက်ခွင့်ပြုသူ" နှင့် "လုပ်ငန်းဆောင်ရွက်သူ" တို့သည် သက်ဆိုင်ရာ တည်ဆဲဥပဒေများအရ တရားဝင်လုပ်ကိုင်ခွင့်ရှိသော အဖွဲ့အစည်းများဖြစ်ကြပြီး ဤစာချုပ်ကို ချုပ်ဆိုရန် အခွင့်အာဏာရှိသူ၊ လုပ်ပိုင်ခွင့်ရှိသူ ငွေကြေး တောင့်တင်းသူများဖြစ်ကြောင်း အာမခံကြပါသည်။

၃-၀၂။ ဤသဘောတူစာချုပ်၌ လက်မှတ်ရေးထိုးချုပ်ဆိုခြင်းသည် စာချုပ်ဝင်အဖွဲ့အစည်း/ ကုမ္ပဏီလီမိတက်တို့၏ တရားဝင်လွှဲအပ်ချက်အရ ကိုယ်စားပြု ချုပ်ဆိုကြခြင်းဖြစ်ပါသည်။

၄။ လုပ်ငန်းဆောင်ရွက်သူမှ ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်

၄-၀၁။ "လုပ်ငန်းဆောင်ရွက်သူ"သည် တည်ဆဲဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်သွယ်ရေးကွန်ယက်အထောက်အကူပြုလုပ်ငန်း လိုင်စင်ပါ စည်းကမ်းချက်များအရ လုပ်ငန်းတစ်ခုချင်းအလိုက် ခွင့်ပြုချက်ရယူ၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄-၀၂။ "လုပ်ငန်းဆောင်ရွက်သူ" မှ အထက်အပိုဒ်(၁)ပါ လုပ်ငန်း(များ)ဆောင်ရွက်ခြင်းအတွက် ဤသဘောတူစာချုပ်အရ သတ်မှတ်သည့် အခကြေးငွေကို ပေးသွင်းသွားမည်ဖြစ်ပါသည်။

၄-၀၃။ အထက်အပိုဒ်(၁)ပါ လုပ်ငန်းများဆောင်ရွက်မည့် တည်နေရာပြမြေပုံနှင့် ဆောင်ရွက်မည့်စာရင်းကို နောက်ဆက်တွဲ(က)တွင် ဖော်ပြထားပါသည်။

၄-၀၄။ အထက်အပိုဒ်(၁)ပါ လုပ်ငန်း(များ)၏ Drawing ၊ ပုံစံ ၊ စံချိန်စံညွှန်း ဖော်ပြချက်များကို နောက်ဆက်တွဲ(ခ)တွင် ဖော်ပြထားပါသည်။

၅။ လုပ်ငန်းဆောင်ရွက်မည့် နေရာ

"လုပ်ငန်းဆောင်ရွက်သူ"မှ ဆောင်ရွက်မည့်နေရာများမှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ နောက်ဆက်တွဲ(က)တွင် ဖော်ပြထားသောနေရာများတွင် ဖြစ်ပါသည်။

၆။ လုပ်ငန်းဆောင်ရွက်ခွင့်ပြုသူ၏တာဝန်နှင့်အခွင့်အရေးများ

"လုပ်ငန်းဆောင်ရွက်ခွင့်ပြုသူ"၏ တာဝန်နှင့်အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၆-၀၁။ လုပ်ငန်းဆောင်ရွက်ခွင့်ပြုသူသည် ဤသဘောတူစာချုပ်အပိုဒ်(၂)၌ ဖော်ပြထားသော ရည်ရွယ်ချက်များအလို့ငှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက စီမံခန့်ခွဲခွင့်ရှိသော မြေအစိတ်အပိုင်းများတွင် လုပ်ငန်းဆောင်ရွက်သူက အထက်အပိုဒ်(၁)ပါ လုပ်ငန်းများ တည်ဆောက်တပ်ဆင်ခြင်းကို ဤသဘောတူစာချုပ်ပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် ခွင့်ပြုပေးမည်ဖြစ်ပါသည်။

Scanned with CamScanner

၆-၀၂။ လုပ်ငန်းဆောင်ရွက်သူမှ ဤသဘောတူစာချုပ်အရ လုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ငန်းနှင့်သက်ဆိုင်သည့် အစိုးရဌာန၊ အဖွဲ့အစည်းအဆင့်ဆင့်သို့ လိုအပ်သည်များကို လုပ်ငန်းဆောင်ရွက်ခွင့်ပြုသူက ပူးပေါင်းကူညီဆောင်ရွက်ပေးရမည်။

၆-၀၃။ လုပ်ငန်းဆောင်ရွက်သူသည် ဤသဘောတူစာချုပ်ပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များနှင့်အညီ လုပ်ငန်းကိုစနစ်တကျ ဆောင်ရွက်ခြင်းရှိ/မရှိကို လုပ်ငန်းဆောင်ရွက်ခွင့်ပြုသူက စိစစ်ခြင်း၊ ကြပ်မတ်ခြင်းပြုလုပ်နိုင်သည်။

၆-၀၄။ လုပ်ငန်းဆောင်ရွက်သူက ဤသဘောတူစာချုပ်ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် လုပ်ငန်းဆောင်ရွက်ခွင့်ပြုသူသည် ဤသဘောတူစာချုပ်နှင့် အထက်အပိုဒ်(၁)ပါ လုပ်ငန်း(များ) ဆောင်ရွက်ခွင့်ပြုခြင်းကိုရပ်စဲနိုင်သည်။

၇။ လုပ်ငန်းဆောင်ရွက်သူ၏ တာဝန်နှင့်အခွင့်အရေးများ

လုပ်ငန်းဆောင်ရွက်သူ၏ တာဝန်နှင့်အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

၇-၀၁။ လုပ်ငန်းဆောင်ရွက်သူသည် ဤသဘောတူစာချုပ်ပါ လုပ်ငန်း(များ) ဆောင်ရွက်ရာတွင် လုပ်ငန်းနှင့်ဆက်စပ်လျက်ရှိသော နေရာဒေသရှိ အများပြည်သူတို့၏ အခွင့်အရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းလုံခြုံရေးကိုလည်းကောင်း၊ လုပ်ငန်းနှင့်ဆက်နွယ်နေသည့် အများပြည်သူဆိုင်ရာလမ်းများတွင် သွားလာရေး၊ ပို့ဆောင်ရေးတို့ကိုလည်းကောင်း၊ မထိခိုက်စေရန် အလေးထားဂရုပြုဆောင်ရွက်ရမည်။ သဘာဝပတ်ဝန်းကျင်မထိခိုက်စေရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။ ဤသဘောတူစာချုပ်ပါ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ ပုဂ္ဂိုလ်၊ အဖွဲ့အစည်း တစ်ခုခုမှ ကန့်ကွက်မှုတစ်စုံတစ်ရာ ပေါ်ပေါက်လျှင်ဖြစ်စေ၊ ထိခိုက်မှုဖြစ်ပေါ်လျှင်ဖြစ်စေ၊ လုပ်ငန်းဆောင်ရွက်သူက သက်ဆိုင်ရာဥပဒေဘောင်အတွင်းမှ မိမိစရိတ်ဖြင့် ဖြေရှင်းဆောင်ရွက်ရမည်။

၇-၀၂။ လုပ်ငန်းဆောင်ရွက်ခွင့်ပြုသူ၏ စီမံခန့်ခွဲပိုင်ခွင့်ရှိသော ရွှေ့ပြောင်းနိုင်သည့် ပစ္စည်း၊ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများကိုလည်းကောင်း၊ ယင်းပစ္စည်းများ၏ အသုံးဝင်၊ အကျိုးဖြစ်ထွန်းမှုများကိုလည်းကောင်း မထိခိုက်စေရန် လုပ်ငန်းဆောင်ရွက်သူမှ တာဝန်ယူဆောင်ရွက်ရမည်။

၇-၀၃။ လုပ်ငန်းနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ခွင့်ပြုသူမှ ချမှတ်သော ဘေးကင်းလုံခြုံမှုကိစ္စများ၊ အစီအစဉ်များကို လုပ်ငန်းဆောင်ရွက်သူက လိုက်နာဆောင်ရွက်ရမည်။ လုပ်ငန်းဆောင်ရွက်ခွင့်ပြုသူက လုပ်ငန်းလိုအပ်ချက်အရ စိစစ်ခြင်း၊ ကြပ်မတ်ခြင်း၊ ညွှန်ကြားခြင်းများကိုလည်း လေးစားလိုက်နာရမည်။

Scanned with CamScanner

၈။ ငွေပေးချေခြင်း

လုပ်ငန်းဆောင်ရွက်သူမှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေပေါ်တွင် ဆက်သွယ်ရေးအခြေခံပစ္စည်းများ တည်ဆောက်တပ်ဆင်အသုံးပြုခြင်းအတွက် အောက်ပါအတိုင်းကျသင့်ငွေများကို ပေးချေရမည်။

၈-၀၁။ လုပ်ငန်းဆောင်ရွက်သူသည် လုပ်ငန်းဆောင်ရွက်မှု ကျသင့်ငွေအား တစ်လ တစ်ကြိမ် ငွေပေးချေမှုစနစ်ဖြင့် ဤအပိုဒ်(၈)ပါသတ်မှတ်ချက်အတိုင်း ပေးသွင်းရမည်။

၈-၀၂။ လုပ်ငန်းဆောင်ရွက်သူသည် အပိုဒ်(၁)ပါ လုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုခြင်းအတွက် ကျသင့်ငွေကို ဤသဘောတူစာချုပ် အကျိုးသက်ရောက်နေ့မှ စတင်တွက်ချက်၍ ပေးချေရမည်။

၈-၀၃။ (က) Fiber ကြိုးသွယ်တန်းခြင်း(မြေပေါ်)အတွက် ၁ ကီလိုမီတာအတွက် တစ်လလျှင် (၃၀,၀၀၀/-)နှုန်းဖြင့် (၃၂)ကီလိုမီတာအတွက် ကျသင့် ငွေကျပ် ၉၆၀,၀၀၀/- ကိုပေးချေရမည်။

(ခ) စက်ပစ္စည်းထားရှိခြင်း ၁ ခုအတွက် တစ်လလျှင်(၅,၀၀၀/-)နှုန်းဖြင့် (၁၆) ခုအတွက် ကျသင့်ငွေကျပ် ၈၀,၀၀၀/-ကိုပေးချေရမည်။

၈-၀၄။ အထက်ဖော်ပြပါပေးချေရမည့် အဖိုးအခများကို လကုန်ဆုံးပြီးတိုင်း နောက်တစ်လ၏ လစဉ်လဆန်း(၇)ရက် နောက်ဆုံးထား၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ၊ မြို့တော်ဘဏ် DY-7 သို့ Clearing Cheque ဖြင့်သော်လည်းကောင်း၊ ငွေသားဖြင့်သော်လည်းကောင်း ပေးချေသွားရမည်။

၈-၀၅။ လုပ်ငန်းဆောင်ရွက်သူမှ ဤအပိုဒ်(၈)ပါ ကျသင့်ငွေများကို သတ်မှတ်ရက်အတွင်း ပေးချေရန်ပျက်ကွက်ပါက ဒဏ်ကြေးငွေအဖြစ် ပေးချေရန်ကျသင့်သောငွေ၏ ၁ % ကို ထည့်သွင်းပေးဆောင်ရမည်။ ကျသင့်ငွေပေးချေရန် ပျက်ကွက်သည့် ကာလသည် (၂) လ ထက်ကျော်လွန်ပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဆုံးဖြတ်ချက်အတိုင်းလိုက်နာရန် သဘောတူပါသည်။

၉။ သဘောတူစာချုပ် အကျိုးသက်ရောက်ခြင်း

ဤသဘောတူစာချုပ်သည် ၂၀၂၅ ခုနှစ်၊ ဧပြီလ (၁)ရက်နေ့မှစ၍ အကျိုးသက်ရောက်မှုကို ဖြစ်စေရမည်ဖြစ်ပါသည်။

၁၀။ စာချုပ်သက်တမ်း

၁၀-၀၁။ ဤသဘောတူစာချုပ်၏ သက်တမ်းသည် စာချုပ်အကျိုးသက်ရောက်သည့် နေ့မှ (၁)နှစ် (၁-၄-၂၀၂၅) မှ (၃၁-၃-၂၀၂၆) ထိ ဖြစ်သည်။

၁၀-၀၂။ စာချုပ်ဝင်နှစ်ဦးနှစ်ဖက်၏ စာဖြင့်ရေးသားသဘောတူညီချက်အရ သဘောတူစာချုပ်၏ သက်တမ်းကို တိုးမြှင့်သတ်မှတ်နိုင်သည်။ စာချုပ်၏ သက်တမ်းတိုးမြှင့်သတ်မှတ်ခြင်းသည် ဆက်သွယ်ရေးလုပ်ငန်းဆောင်ရွက်ရန် လိုင်စင်သက်တမ်းခွင့်ပြုသည့် ကာလထက် မပိုစေရ။

Scanned with CamScanner

၁၀-၁၃။ စာချုပ်သက်တမ်း တိုးမြှင့်သတ်မှတ်လိုသည့် စာချုပ်ဝင်ဖက်မှ တစ်ဖက်စာချုပ်ဝင်ထံသို့ စာချုပ်သက်တမ်းမကုန်မီ ရက်ပေါင်း(၃၀)ကြိုတင်၍စာဖြင့်အသိပေး ဆောင်ရွက်ရပါမည်။

၁၁။ ညှိနှိုင်းဆွေးနွေးခြင်းနှင့် စာချုပ်ပြင်ဆင်ခြင်း

ဤသဘောတူစာချုပ်တွင် ဖော်ပြထားခြင်းမရှိသော အကြောင်းခြင်းရာများကြောင့် အခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်လာပြီး ဤသဘောတူစာချုပ်ပါ စည်းကမ်းချက်ကို ပြောင်းလဲ ရန်လိုအပ်လာလျှင် စာချုပ်ဝင်များသည် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ပြီး သဘောတူစာချုပ်ကို စာဖြင့်ပြင်ဆင် ချုပ်ဆိုရမည်။

၁၂။ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်း

လုပ်ငန်းဆောင်ရွက်သူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၃။ အငြင်းပွားမှုဖြေရှင်းခြင်း

ဤသဘောတူစာချုပ်နှင့် စပ်လျဉ်း၍ အငြင်းပွားမှု တစ်စုံတစ်ရာပေါ်ပေါက်လာပါက ရေးဦးစွာ စာချုပ်ဝင်နှစ်ဦးနှစ်ဖက်တို့သည် ထိုအငြင်းပွားမှုကို နှစ်ဦးနှစ်ဖက်ညှိနှိုင်း ဖြေရှင်းကြရမည်။ ယင်းကဲ့သို့ အကြေအလည်ဆွေးနွေးညှိနှိုင်း၍ ရက်ပေါင်း(၃၀)အတွင်း မဖြေရှင်းနိုင်ပါက ဥပဒေနှင့်အညီ စီရင်ပိုင်ခွင့်ရှိသော တရားရုံး၏ အဆုံးအဖြတ်ကို ခံယူရမည်။

၁၄။ မလွန်ဆန်နိုင်သောဖြစ်ရပ်များ

၁၄-၀၁။ ဤသဘောတူစာချုပ်အရ ဆောင်ရွက်ရမည့်တာဝန်များ ပျက်ကွက်ခြင်း (သို့မဟုတ်)နှောင့်နှေးကြန့်ကြာခြင်းများ ဖြစ်ပေါ်လာရခြင်းသည် မလွန်ဆန်နိုင်သော ဖြစ်ရပ်ကြောင့်ဖြစ်ပါက စာချုပ်ဝင်နှစ်ဦးနှစ်ဖက်စလုံး တာဝန်မှကင်းလွတ်ခွင့်ပြုရမည်။ ယင်းမလွန်ဆန်နိုင်သောဖြစ်ရပ်ကြောင့် တစ်ဖက်မှ မိမိလိုက် နာဆောင်ရွက်ရမည့် တာဝန်တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ၊ ခေတ္တဆိုင်းငံ့ရမည့် အခြေအနေပေါ်ပေါက်လာလျှင် ထိုသို့ ဆိုင်းငံ့ရမည့် ဖြစ်ရပ်နှင့် ဖြစ်တန်ရာသည့် ကာလတို့ကို ဖော်ပြလျက် ထိုဖြစ်ရပ်ပေါ်ပေါက်သည့်နေ့မှ (၁၄)ရက်အတွင်း နစ်နာသူက စာချုပ်ဝင်အခြားတစ်ဖက်သို့ စာဖြင့် အကြောင်းကြားရမည်။ ဤသို့ အကြောင်းကြားခြင်းကို အခြားတစ်ဖက်မှ အတည်ပြုလက်ခံမှသာလျှင် မလွန်ဆန်နိုင်သည့် ဖြစ်ရပ်မြောက်ပြီး ထိုနစ်နာသောအချိန်ကာလအတွက် လုပ်ငန်းတာဝန် ဝတ္တရားများ ရပ်ဆိုင်းရမည်။ ထိုမလွန်ဆန်နိုင်သော အခြေအနေများကို အမြန်ဆုံး ကျော်လွှားနိုင်အောင် ဆောင်ရွက်ရမည်။ မလွန်ဆန်နိုင်သောဖြစ်ရပ်မှ ပေါ်ပေါက်လာသည့်ကြန့်ကြာမှု၊ ဆုံးရှုံးမှုများအတွက် မည်သည့်ဘက်ကိုမှ တာဝန်မရှိစေရ။

Scanned with CamScanner

၁၄-၁၂။ မလွန်ဆန်နိုင်သော ဖြစ်ရပ်ဆိုသည်မှာ သဘာဝဘေးအန္တရာယ်ကျရောက်ခြင်း၊ နိုင်ငံတော်အစိုးရ၏ ကန့်သတ်တားမြစ်ချက်များကို သပိတ်မှောက်ခြင်း၊ အလုပ်သမားများ၏ ဆန္ဒပြမှု၊ စစ်ဖြစ်ပွားမှု ပိတ်ဆို့မှု၊ ဆူပူမှု၊ ရန်းရင်းဆန်ခတ်ဖြစ်မှု၊ ကူးစက်ရောဂါဖြစ်ပွားမှု၊ လူထုအုံကြွမှု၊ ပေါက်ကွဲမှု၊ မီးလောင်မှု၊ ရေကြီးမှု၊ လျှော့ချင်လှုပ်မှုနှင့် အခြားအလားတူထိန်းချုပ်၍ မရသော ဖြစ်ရပ်များပါဝင်ပါသည်။

၁၅။ စာချုပ်ရပ်စဲခြင်း

အောက်ဖော်ပြပါ အကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်ပါက စာချုပ်ဝင်တစ်ဘက်က ရက်ပေါင်း(၃၀)ကြိုတင်၍ အခြားတစ်ဘက်စာချုပ်ဝင်ထံသို့စာဖြင့် အကြောင်းကြား၍ သဘောတူစာချုပ်ကို ရပ်စဲနိုင်သည်။

(က) ဤသဘောတူစာချုပ်ပါ စည်းကမ်းချက်သို့မဟုတ် သဘောတူညီချက် တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် တစ်ဖက်ဖက်မှ ပျက်ကွက်ခြင်းနှင့် ပြန်လည်ပြုပြင်ရန် ပျက်ကွက်ခြင်း။

(ခ) မလွန်ဆန်နိုင်သော ဖြစ်ရပ်များ တစ်ဆက်တည်း(၃)လ ကြာသည်အထိ ဖြစ်ပေါ်နေခြင်း။

(ဂ) လုပ်ငန်းဆောင်ရွက်သူမှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်ခြင်း(သို့)ဆက်သွယ်ရေးဆိုင်ရာ စည်းမျဉ်း စည်းကမ်းများကို လိုက်နာမှုမရှိခြင်း။

၁၆။ အကြောင်းကြားဆက်သွယ်ရန်

ဤသဘောတူစာချုပ်အရ စာချုပ်ဝင်များအကြား အကြောင်းကြားခြင်းနှင့် အခြားဆက်သွယ်ဆောင်ရွက်မှုများကို ပြုလုပ်သည့်အခါ အခြားနည်းလမ်း ဖော်ပြထားခြင်းမရှိလျှင် လူကိုယ်တိုင်(သို့) အီးမေးလ် (သို့) ဖက်စ် (သို့) စာတိုက်မှပေးပို့ခြင်းဖြင့် အောက်တွင်ဖော်ပြပါရှိသည့် စာချုပ်ဝင်၏ လိပ်စာသို့ ဆက်သွယ်အကြောင်းကြားရမည်။

(က) လုပ်ငန်းဆောင်ရွက်ခွင့်ပြုသူ

| | | |
|---|---|---|
| အမည် | - | ဦးလင်းခိုင် |
| ရာထူး | - | ဌာနမှူး<br>အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား) |
| လိပ်စာ | - | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ |
| အီးမေး | - | ycdcedrb@gmail.com |
| တယ်လီဖုန်း | - | +9501371112 |

Scanned with CamScanner

(ခ) လုပ်ငန်းဆောင်ရွက်သူ

| | | |
|---|---|---|
| အမည် | - | ဦးအာကာလင်း |
| ရာထူး | - | လ/ထအထွေထွေမန်နေဂျာ |
| လိပ်စာ | - | အမှတ်(၁၈)၊ နွယ်သာကီလမ်း၊ မရမ်းကုန်းမြို့နယ် |
| အီးမေး | - | arker.lin@umgroups.com |
| တယ်လီဖုန်း | - | 09253696405 |

၁၇။ အခွင့်အရေးများကိုစွန့်လွှတ်ခြင်း

မည်သည့်စာချုပ်ဝင်မျှ စွန့်လွှတ်သောစာချုပ်ဝင်၏ အခွင့်အာဏာလွှဲအပ်ထားသော ပုဂ္ဂိုလ်မှ လက်မှတ်ရေးထိုးထားသည့် စွန့်လွှတ်ခြင်းစာဖြင့် အခြားစာချုပ်ဝင်သို့ ပေးပို့ခြင်းမှတစ်ပါး ဤသဘော တူစာချုပ်အရ အခွင့်အရေးတစ်ရပ်ကို စွန့်လွှတ်သည်ဟု မှတ်ယူခြင်းမရှိစေရ။ လုပ်ပိုင်ခွင့်(သို့မဟုတ်) ကုစားခွင့်ကို ကျင့်သုံးရန် နှောင့်နှေးခြင်း(သို့မဟုတ်)ပျက်ကွက်ခြင်းသည် ပျက်ကွက်မှု (သို့မဟုတ်) ထိခိုက်မှုကို စွန့်လွှတ်သည်ဟု မှတ်ယူခြင်းမရှိစေရ။

၁၈။ လျှို့ဝှက်ထားရှိခြင်း

စာချုပ်ဝင်အသီးသီးသည် ၎င်းတို့နှင့် ၎င်းတို့၏ အလုပ်သမားများ၊ အရာရှိများ၊ ကိုယ်စားလှယ် များနှင့် ဒါရိုက်တာများအား အခြားစာချုပ်ဝင်က “လျှို့ဝှက်ချက်များ”ဟုရေးသား၍ ၎င်းအားထုတ်ဖော် ပြသခဲ့သည့် သတင်းအချက်အလက်များ၊ စာချုပ်စာတမ်းများ၊ အချက်အလက် (သို့မဟုတ်)အသိပညာ တို့ကို လျှို့ဝှက်ထိန်းသိမ်းထားရှိစေရန် သဘောတူညီကြပါသည်။ အခြားစာချုပ်ဝင်၏ ကြိုတင်သဘော တူညီချက်မရှိဘဲ လျှို့ဝှက်ချက်များ(သို့မဟုတ်)ယင်း၏ အစိတ်အပိုင်းကို အခြားလုပ်ငန်းအဖွဲ့အစည်း များသို့ ထုတ်ဖော်ပြသခြင်း(သို့မဟုတ်) အသုံးပြုစေခြင်း မပြုရ။

၁၉။ အထွေထွေ

(က) ဤသဘောတူစာချုပ်တွင် နောက်ဆက်တွဲတို့ကို ပူးတွဲထားပြီး ၎င်းတို့သည် ဤသဘောတူ စာချုပ်၏ အစိတ်အပိုင်းများဖြစ်၍ စာချုပ်ဝင်များအပေါ် စည်းနှောင်မှု ရှိစေရမည်။

(ခ) မည်သည့် စာချုပ်ဝင်မျှ တစ်ဖက်စာချုပ်ဝင်၏ စာဖြင့်ရေးသား သဘောတူညီမှုမရှိဘဲ ဤသဘောတူစာချုပ်ပါ အခွင့်အရေး(သို့မဟုတ်)တာဝန်များကို တတိယပုဂ္ဂိုလ်တစ်ဦး သို့ လွှဲပြောင်းခြင်းမပြုရ။

(ဂ) ဤသဘောတူစာချုပ်သည် စာချုပ်ဝင်များ၏ တစ်ခုတည်းသော သဘောတူညီချက်ဖြစ်ပြီး ယခင်အချင်းချင်းအကြား သဘောတူညီမှုများ၊ နားလည်မှုများအားလုံးကို လွှမ်းမိုးသည်။

Scanned with CamScanner

ဤသဘောတူစာချုပ်အား စာချုပ်ဝင်နှစ်ဦးနှစ်ဖက်စလုံးကို ကောင်းစွာဖတ်ရှုနားလည် သဘောတူသဖြင့် အထက်တွင် ဖော်ပြခဲ့သောနေ့ရက်၌ အောက်ပါအသိသက်သေများ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးချုပ်ဆိုကြပါသည်။

| လုပ်ငန်းအပ်နှံသူ | လုပ်ငန်းဆောင်ရွက်သူ |
|---|---|
| ဦးလင်းခိုင် | ဦးအာကာလင်း |
| ဌာနမှူး | လက်ထောက်အထွေထွေမန်နေဂျာ |
| အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား) | Be The First Co.,Ltd |
| ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | |

အသိသက်သေများ

| | | | | | |
|---|---|---|---|---|---|
| ၁။ | လက်မှတ် | ၊ ........................ | ၂။ | လက်မှတ် | ၊ ........................ |
| | အမည် | ၊ ဦးစောဝင်းမောင် | | အမည် | ၊ ကိုဂျဲလင်းခိုင်...... |
| | ရာထူး | ၊ ညွှန်ကြားရေးမှူး | | ရာထူး | ၊ DH................. |
| | ဌာန | ၊ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) | | ဌာန | ၊ FTTH............ BeTheFirstCo,Ltd |

**အတည်ပြုသူ**

**ကော်မတီဝင်(၆)**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

Scanned with CamScanner